**အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် ( ၀၀၇ / ၂၀၂၄)**

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

**တင်သွင်းတင်ပို့သူများ၊ အကောက်ခွန်ကြေညာလွှာတင်သွင်းသူများ သိရှိနိုင်ပါရန်**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ( ၉၀ / ၂၀၂၄) အရ အကောက်ခွန်ဦးစီးဌာနသည် ၁.၁.၂၀၂၅ ရက်နေ့မှစ၍ တင်သွင်း၊ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့် ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate) ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် အခွန်စည်းကြပ်ကောက်ခံလျက်ရှိရာမှ ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate) အစား ဈေးကွက်ငွေလဲလှယ်နှုန်း (Market Trading Rate) ကို အခြေခံသည့် အပတ်စဉ် နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် ပြောင်းလဲ၍ အခွန်စည်းကြပ် ကောက်ခံမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

၂။ အခွန်စည်းကြပ်ကောက်ခံရာတွင် အသုံးပြုမည့် ဈေးကွက်ငွေလဲလှယ်နှုန်း (Market Trading Rate) ကို အခြေခံ၍ အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) များကိုလည်း အကောက်ခွန်ဦးစီးဌာန၏ Website ၊ Facebook Page များတွင် အပတ်စဉ် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**